# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ် ၊ မတ်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ) ၊ (ဌ)၊ (ဍ) နှင့် (ထ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

“( ဇ ) **မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

( ဈ ) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

(ည) **မှတ်ပုံတင်အင်ဂျင်နီယာ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

( ဋ ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်များကိုဆိုသည်။

( ဌ ) **အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်၊ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်များကို ဆိုသည်။

( ဍ ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ် ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူကိုလည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ပြည်တွင်းသို့မဟုတ် ပြည်ပအဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုကဖြစ်စေ ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး

သတ်မှတ်အရည်အချင်း ပြည့်မီသူကိုလည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ထ) **မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်** ဆိုသည်မှာ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများ၏ သက်ဆိုင်ရာမှတ်ပုံတင်အင်ဂျင်နီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေး ထားသည့် သက်တမ်းရှိ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ်ရရှိထားသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။"

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ)၊(င)၊(ဇ)၊(ဈ)၊ ပုဒ်မ ၃၁ ခြေဆင်း၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၂ နှင့် ၃၈ တို့တွင်ပါရှိသော "အင်ဂျင်နီယာ" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်အင်ဂျင်နီယာ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ" ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "နည်းပညာကျွမ်းကျင်သူ" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်းအသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"(ဃ) အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်။"

၅။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၅၊ ၆ နှင့် ၇ တို့ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"၅။ (က) ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံကို ခေါ်ယူကျင်းပရမည်။

( ခ ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များအနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များ နှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်-

(၁) အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း များမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။

(ဂ) အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ အငြိမ်းစားမှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်များအနက်မှ ၁၀ ဦးကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့် အညီ နာယကအဖွဲ့က ကြီးကြပ်ပြီး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(ဃ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များအနက်မှ ၁၅ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များ နှင့်အညီ နာယကအဖွဲ့က ကြီးကြပ်ပြီး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက် ရမည် -

(၁) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များ၊

(၂) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။

၆။ ကောင်စီဝင်များသည် နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်တွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ အလုပ်အမှုဆောင်အဖွဲ့ ရှစ်ဦး စုစုပေါင်း ၁၅ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

၇။ (က) ကောင်စီ၏ နာယကအဖွဲ့သည် ပုဒ်မ ၅ အရ ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသူများနှင့် ပုဒ်မ ၆ အရ ရွေးကောက်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းတို့ကို တာဝန်ခံဝန်ကြီးဌာနသို့ ပေးပို့ရမည်။

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752518